ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်(ရေဆင်း၊နေပြည်တော်)

လျှောက်လွှာခေါ်ယူခြင်း

၁။ စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် (ရေဆင်း၊ နေပြည်တော်)တွင် ခန့်ထားရန် အောက်ဖော်ပြပါ ရာထူးနေရာအတွက် လျှောက်ထားနိုင်ပါသည်-

စဉ်	ရာထူး/ လစာနှုန်း(ကျပ်)	ရာထူးနေရာ	ပညာအရည်အချင်းကန့်သတ်ချက်
(က)	သရုပ်ပြ ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀	(၁၂)နေရာ	တိရစ္ဆာန်ဆေးသိပ္ပံဘွဲ့(B.V.Sc.) တိရစ္ဆာန်ဆေးပညာဘွဲ့(D.V.M.) မွေးမြူရေးပညာဘွဲ့(B.A.Sc.) ဘွဲ့တစ်ခုခု ရရှိပြီး သက်ဆိုင်ရာ ဘာသာရပ်တွင်(၆၅)မှတ် နှင့် အထက် (Credit) ရရှိရမည်။/

၂။ အထက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်ထားသူသည်-

(က) ပြည်ထောင်စု မြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) လျှောက်လွှာပိတ်သည့်ရက်တွင် အသက် (၃၅) နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ (အခြားဌာနမှ ဝန်ထမ်းဖြစ်လျှင် အသက်(၄၀)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။)

(ဂ) ရေးဖြေစာမေးပွဲနှင့်လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုရမည်။

(ဃ) ကျန်းမာရေး ကောင်းမွန်ရမည်။

(င) အနည်းဆုံးလုပ်သက် (၅)နှစ် တစ်ဆက်တည်း တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ သတ်မှတ်လုပ်သက်(တာဝန်ထမ်းဆောင်နိုင်ခြင်းမရှိပါက လျော်ကြေးငွေအဖြစ် ၂,၀၀၀,၀၀၀/- (ကျပ် နှစ်ဆယ်သိန်း) ပေးလျော်ရမည်။)

၃။ လျှောက်လွှာတွင် အောက်ဖော်ပြပါ အချက်များကို ပြည့်စုံစွာဖော်ပြရမည်-

(က) လျှောက်ထားသူ၏ အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်

(ခ) မွေးသက္ကရာဇ်နှင့်အသက်

(ဂ) လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ

(ဃ) ပညာအရည်အချင်း

(င) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ၎င်းတို့၏ အလုပ်အကိုင်

(စ) လျှောက်ထားလိုသည့်ရာထူး

(ဆ) ဆက်သွယ်ရန်လိပ်စာ၊ ဖုန်းနံပါတ်

(ဇ) အမြဲတမ်းနေရပ်လိပ်စာ

၄။ လျှောက်လွှာနှင့် အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရမည်-

(က) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ် မိတ္တူ၊ ဘွဲ့လက်မှတ်မိတ္တူ နှင့် နှစ်အလိုက် အမှတ်စာရင်း မိတ္တူများကို ပူးတွဲတင်ပြရမည်။(မူရင်းများအား လူတွေ့ဖြေဆိုသည့်အခါ ပြသနိုင်ရမည်)

(ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်းထောက်ခံစာမူရင်း။

(ဂ) (၂) လ အတွင်း ရိုက်ကူးထားသော လိုင်စင်ဓာတ်ပုံ (၃)ပုံ (ကျောဘက်တွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားရန်)

(ဃ) ပြင်ပမှ လျှောက်ထားသူများအတွက် အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ကျန်းမာရေးကောင်းမွန်ကြောင်း မြို့နယ်ဆရာဝန် ထောက်ခံချက် ဆေးလက်မှတ်မူရင်း။

(င) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင်လျှောက်လွှာ(၁)စောင်ကို မိမိတာဝန်ထမ်းဆောင်နေသည့် ဌာနအကြီးအကဲ၏ ထောက်ခံချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ နေပြည်တော်သို့ (၁၅.၁၁.၂၀၂၆) ရက်နေ့ နောက်ဆုံးထား၍ အရောက်ပေးပို့ရန် ဖြစ်ပါ သည်။

၅။ လျှောက်လွှာများကို ပါမောက္ခချုပ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ ရေဆင်း၊ နေပြည်တော်ထံ လိပ်မူပြီး (၁၅.၁၁.၂၀၂၆) ရက်နေ့ အရောက်ပေးပို့ လျှောက်ထားရမည်။

၆။ လျှောက်လွှာတင်သွင်းလျှောက်ထားသူများအနက် ဖြေဆိုခွင့်ရရှိသူများစာရင်းကို (၁၇.၁၁.၂၀၂၆) ရက်နေ့တွင် ထုတ်ပြန်ကြေညာပေးမည်။ အရည်အချင်းစစ်ဆေးရန်အတွက် အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတ ရေးဖြေစာမေးပွဲကို မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၌ အောက်ပါနေ့ရက်များအတိုင်း ဖြေဆိုရမည်ဖြစ်ပြီး ဖြေဆိုခွင့်ကတ်များကို (၁၈.၁၁.၂၀၂၆) ရက်နေ့ ဝန်ထမ်းရေးရာဌာနတွင် ရုံးချိန်အတွင်း လာရောက် ထုတ်ယူရမည်-

စဉ်	ဖြေဆိုရမည့်ဘာသာရပ်	နေ့ရက်	အချိန်
(က)	အင်္ဂလိပ်စာ	၁၉-၁၁-၂၀၂၆ (ကြာသပတေးနေ့)	နံနက်(၉:၀၀)နာရီ မှ (၁၁:၀၀) နာရီထိ
(ခ)	အထွေထွေဗဟုသုတ	၁၉-၁၁-၂၀၂၆ (ကြာသပတေးနေ့)	မွန်းလွဲ(၁၃:၀၀)နာရီ မှ (၁၅:၀၀) နာရီထိ

၇။ ရေးဖြေစာမေးပွဲအောင်မြင်သူများစာရင်းကို (၂၆.၁၁.၂၀၂၆)ရက်နေ့တွင် ထုတ်ပြန်ကြေညာပေးမည်ဖြစ်ပြီး လူတွေ့စစ်ဆေးခြင်းကို (၃၀.၁၁.၂၀၂၆) ရက်နေ့ နံနက် (၉:၀၀) နာရီတွင် ပြုလုပ်မည်။

၈။ ရေးဖြေစာမေးပွဲအောင်မြင်သူများစာရင်းကို မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၏ Website ဖြစ်သော www.uvs.edu.mm နှင့် Facebook Page ဖြစ်သော www.facebook. com/ uvsyznmyanmar မှ တစ်ဆင့် ကြေညာပေးသွားမည် ဖြစ်ပါသည်။

၉။ အချိန်မီရောက်ရှိခြင်း မရှိသော၊ အချက်အလက်ပြည့်စုံ မှန်ကန်မှုမရှိသော လျှောက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်သိရှိလိုသော အချက်အလက်များကို မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်-ရေဆင်း၊ ဝန်ထမ်းရေးရာဌာန၊ ဖုန်း-၀၆၇ ၃၄၁၆၆၅၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်